မူကြိုကျောင်း

Public education
**Discover a world of opportunities**

# သိပ္ပံဘာသာရပ် - အိမ်တွင် လေ့လာသင်ယူခြင်း

## အိမ်တွင် သိပ္ပံဘာသာရပ်

### သိပ္ပံပညာရှင် အဖြစ် ဟန်ဆောင်ပါ

သိပ္ပံပညာရှင် ဖြစ်ရန်လွယ်ကူပါသည် – သင့်ကလေး ရိုးရိုးရှင်းရှင်းအရာ သုံးခု လိုသည်-

1. သိချင်ဇောရှိသည့် စိတ်- သင့်ကလေးအား သူတို့အနီးအနားရှိ အရာတိုင်းအပေါ် မေးခွန်းမေးရန် တိုက်တွန်းပေးပါ – ၎င်းသည် သူတို့အား အံ့ဩစရာကောင်းသော သိပ္ပံပညာရှင် အသေးစားများ ဖြစ်စေသည်။
2. အကြီးချဲ့ မှန်ဘီလူး တစ်ခု- ကြီးကြီးကျယ်ကျယ် အသေးစိတ်ကျကျ ကမ္ဘာကြီးကို သင့်ကလေးအား ရှာတွေ့စေပါ။
3. ရတနာ အိတ် တစ်ခု- သင့်ကလေးအား သူတို့စိတ်ဝင်စားမည့် အရာများ ဥပမာ ခရုခွံများ၊ ကျောက်တုံးသေးသေးများ၊ သစ်ရွက်များနှင့်ငှက်မွေးများ တို့ကိုစုဆောင်းခိုင်းပါ။ အိမ်တွင် သူတို့အတွက် တန်ဖိုးထားမြတ်နိုးရာများကို ပြသထားရန် သီးသန့်နေရာပေးပါ သို့မဟုတ် ၎င်းတို့ကို အထူး အိတ်များနှင့် သေတ္တာဘူးများတွင် ထည့်သွင်းထားပါ။



### ရေဇလားတွင်ရေချိုးရင်း ကစားခြင်း

- အရာပစ္စည်းမျိုးစုံတို့ကို ရေချိုးသည့် ရေဇလားတွင် ထည့်၍ ရေတွင် ပေါ်သည် သို့မဟုတ် မြုပ်သည်ကို သိရှိရန် စမ်းကြည့်ပါ။ ၎င်းတို့ကို မစမ်းသပ်မီ ပေါ်သည် မြုပ်သည်ကို ခန့်မှန်းပါ။ သင့်ကလေးကို အောက်ပါကဲ့သို့ မေးခွန်းများမေးပါ- အဘယ်ကြောင့် အချို့အရာများမှာ ရေတွင်ပေါ်ပြီး အချို့မှာ မြုပ်သနည်း။ နှင့် ပေါ်သည့်အရာကို မြုပ်အောင် သို့မဟုတ် မြုပ်သည့်အရာကို ပေါ်အောင် သင် မည်သို့လုပ်နိုင်သနည်း။
- သင့်ကလေးအား ရေ မည်သည့်နေရာမှ လာကြောင်းနှင့် ရေချိုးသည့်ရေဇလားကို ရေကုန်အောင် လုပ်လိုက်သည့်အခါ ရေ မည်သည့်နေရာသို့ ထွက်သွားကြောင်း စဉ်းစားခိုင်းပါ။
- လေနှင့်ရေကို ပန်းထွက်အောင်လုပ်ရန် ဘူးအဟောင်းများကို သုံးပါ။ ဘူးအလွတ်ကို သင့်ကလေး၏ လက်ပေါ် ဖျစ်ညှစ်ပြီး သူတို့ ဘယ်လိုခံစားရသလဲဟု သူတို့ကိုမေးပါ။ ဘူးကိုရေဖြည့်ပြီး ရေကိုပန်းထွက်အောင် သင့်ကလေးကို လုပ်ခိုင်းပါ။ ၎င်းကို ရေအောက်တွင် လုပ်ခိုင်းကြည့်ပါ။ နံရံပေါ်တွင် အဆင်ဒီဇိုင်းများ ရေးဆွဲခြင်းအားဖြင့် စမ်းသပ်ပါ။

### ညအချိန်

- ညအချိန်၌ လက်နှိပ်ဓါတ်မီးဖြင့် စူးစမ်းပါ။ နံရံပေါ်တွင် အရိပ်များကို လုပ်ပါ။ အရိပ် ရုပ်သေးရုပ်များဖြင့် ပုံပြင်ဇာတ်လမ်းတစ်ခုကို ဖန်တီးပါ။
- ညအခါ မိုးကောင်းကင်ကို စူးစမ်းပါ။ လက်နှိပ်ဓါတ်မီး မပါပဲ ပန်းခြံထဲတွင် လမ်းလျှောက်ရန်သွားပြီး သင့်ကလေးအား အောက်ပါကဲ့သို့ မေးခွန်းများ မေးပါ- သင် ဘာမြင်တွေ့နိုင်သနည်း။ သင် ဘာကြားနိုင်သနည်း။ နှင့် ထိုဆူညံသံများကို ဘာက လုပ်နိုင်ကောင်း သနည်း။

Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချုပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015